ငါကိုယ်တော်၏အသက်ကို စိုးပိုင်တော်မူသော အရှင်၏ ကစမ်၊အသင်တို့သည် မုချဧကန် အသင်တို့ထက်အလျင် ရှိခဲ့ကြသူ (ယဟူဒ်၊ နတ်စ်ွရာနီ) တို့၏ လမ်းစဉ်ကို လိုက်နာကြမည်ဖြစ်သည်။

အဗူဝါကိဒ် အတ်လိုင်စီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဟိုနိုင်းသို့
ထွက်ခွါတော်မူစဉ်၊ 'ဇာသု-အန်ဝါသ်' ဟုခေါ်သော မုရှ်ရိက်များ၏ သစ်ပင်တစ်ပင်ကို
ဖြတ်သွားခဲ့သည်။ ၎င်းတို့သည် ထိုသစ်ပင်တွင် ၎င်းတို့၏ လက်နက်များကို
ချိတ်ဆွဲထားကြသည်။ ထိုအခါ ဆွဟာဗဟ်များက အိုအလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်
သူတို့၌ 'ဇာသု-အန်ဝါသ်' ရှိသကဲ့သို့ ကျွန်တော်မျိုးတို့အတွက်လည်း 'ဇာသု-အန်ဝါသ်' တစ်ခုကို သတ်မှတ်ပေးတော်မူပါ" ဟု ပြောဆိုကြသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က "စွဗ်ဟာနလ္လာဟ် (အလ္လာဟ်အရှင်မြတ်စင်ကြယ်သန့်ရှင်းတော်မူပါ၏)၊ ဤသည်ကား တမန်တော်မူစာ၏ အမျိုးသားတို့က "သူတို့အတွက်ကိုးကွယ်ရာများရှိသကဲ့သို့ ကျွန်ုပ်တို့အတွက်လည်း ကိုးကွယ်ရာတစ်ခုကိုပြုလုပ်ပေးပါ" (ကုရ်အာန်၊ ၇း၁၃၈) ဟု ပြောဆိုခဲ့ကြသည့် စကားနှင့် ဆင်တူလှပေသည်။
ငါကိုယ်တော်၏အသက်ကို စိုးပိုင်တော်မူသော အရှင်၏ ကစမ်၊ အသင်တို့သည် မုချဧကန်
အသင်တို့ထက်အလျင် ရှိခဲ့ကြသူ (ယဟူဒ်၊ နတ်စ်ွရာနီ) တို့၏ လမ်းစဉ်ကို လိုက်နာကြမည်ဖြစ်သည်။"
[صحيح] [رواه الترمذي وأحمد]

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည်သွာအိဖ်နှင့်မက္ကာမြို့ကြားရှိ ဟိုနိုင်ချိုင့်ဝှမ်းသို့ ချီတက်တော်မူစဉ်၊ မကြာမီကအစ္စလာမ်သာသနာသို့ ကူးပြောင်းဝင်ရောက်လာကြသည့် ဆွဟာဗဟ်အချို့လည်းကိုယ်တော်နှင့်အတူ လိုက်ပါခဲ့ကြသည်။ ထို့‌နောက် သူတို့သည် မုရှ်ရိက်များကဂုဏ်ပေးလေးစားပြီး ကောင်းချီးမင်္ဂလာရရှိရန်အတွက် သူတို့၏လက်နက်များကိုချိတ်ဆွဲထားသော 'ဇာသု-အန်ဝါသ်' ဟုခေါ်သည့် သစ်ပင်နားမှ ဖြတ်သန်းသွားကြသည်။ ထိုအခါ၎င်းတို့က တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား " မိမိတို့အတွက်လည်းထိုကဲ့သို့ သစ်ပင်တစ်ပင် သတ်မှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။ ထိုသစ်ပင်ပေါ်တွင်မိမိတို့၏ လက်နက်များကို ချိတ်ဆွဲကာ ကောင်းချီးမင်္ဂလာ (ဗရကသ်) ရယူလိုသောကြောင့်ဖြစ်သည်။" အမှန်မှာ ၎င်းတို့သည် ထိုသို့ပြုလုပ်ခြင်းကိုခွင့်ပြုထားသည့်အရာဟု ထင်မြင်ကာ တောင်းဆိုခဲ့ကြခြင်း ဖြစ်သည်။ သို့ဖြစ်၍အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်ဤမနှစ်မြို့ဖွယ်စကားကို ငြင်းပယ်ပြီး အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှစင်ကြယ်တော်မူကြောင်း ထုတ်ဖော်သည့်အနေဖြင့် "စွဗ်ဟာနလ္လာဟ်"ဟု ဆိုတော်မူခဲ့သည်။ထို့နောက် ကိုယ်တော်က ဤပြောဆိုချက်သည် တမန်တော်မူစာ (အလိုင်းဟိစလာမ်)၏အမျိုးသားတို့က တမန်တော်မူစာအား ပြောဆိုခဲ့သည့် "သူတို့အတွက်

ကိုးကွယ်ရာများရှိသကဲ့သို့ ကျွန်ုပ်တို့အတွက်လည်း ကိုးကွယ်ရာတစ်ခုကို ပြုလုပ်ပေးပါ" (ကုရ်အာန်၊ ၇း၁၃၈) ဟူသောပြောဆိုချက်နှင့် ဆင်တူကြောင်း ရှင်းပြတော်မူခဲ့သည်။တမန်တော်မူစာ၏ အမျိုးသားများသည် ရုပ်တုများကို ကိုးကွယ်သူများကို မြင်တွေ့သောအခါ၊ထိုမုရှ်ရိက်များတွင် ရုပ်တု၊ ဆင်းတုများ ရှိသကဲ့သို့ မိမိတို့အတွက်လည်းရုပ်တု၊ဆင်းတုများ ရှိစေလိုကြောင်း တောင်းဆိုခဲ့ကြသည်။ ဤသည် မုရှ်ရိက်တို့၏ လမ်းစဉ် (သွရီကဟ်)ကို လိုက်နာခြင်းပင်ဖြစ်သည်။ ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ဤအွမ္မသ်သားများသည် ယဟူဒ်၊ နတ်စ်ွရာနီများ၏လမ်းစဉ်ကို လိုက်နာပြီး၊ ၎င်းတို့လုပ်သကဲ့သို့ လိုက်လုပ်ကြလိမ့်မည်ဟုမိန့်ကြားတော်မူခဲ့သည်။ ဤသည် ထိုကဲ့သို့သော အပြုအမူများမှ ရှောင်ကြဉ်ရန်သတိပေးသည့်အနေဖြင့်မိန့်ကြားခဲ့ခြင်းဖြစ်သည်။

https://sunnah.global/hadeeth/my/show/5927